# အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Lord's Day—First Morning Session)

Message Seven

## ခရစ်တော်ကိုယ်ခန္ဓတော်၏ စစ်မှန်ခြင်းအတွက် ပေါင်းစည်းခြင်း အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၁၂း၅။ ၁ကော၊၆း၁၇။ ၁၂း၂၄၊ ၃၁ခ။ ၁၃း၁-၈က။ ၁၀း၁၇။ ဝတ်၊၂း၄။ ဧ၊၃း၁၆-၁၇က။ ၄း၁၆

**I. ဘုရားသခင်၏စီမံကိန်း၌ အမြင့်ဆုံးအထွတ်အထိပ်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည်။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းမှာ အကြွင်းမဲ့ အသက်ဆိုင်ရာဖြစ်သည် - ရော၊၈း၂၊ ၆၊ ၁၀-၁၁။ ၁၂း၄-၅။**

A. တမန်တော်ပေါလု၏ ပြည့်စုံစေခြင်းအမှုတော်သည် ခရစ်တော်ကိုယ်ခန္ဓာတော်အပေါ် လုံးလုံး ဗဟိုပြုထားသည် - အထူးသဖြင့် ရောမစာစောင်၊ ကောရိန္သုပထမစာစောင်၊ ဧဖက်စာစောင်၊ ကောလောသဲစာစောင်တို့၌ဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်း၏ အဆုံးစွန်သောအချက်ဖြစ်သည့်အတွက်၊ ကိုယ်ခန္ဓာတော်သည် ဘုရားသခင့်ဖွင့်ပြခြင်းတစ်ခုလုံး၏ အထွတ်အထိပ်ဖြစ်သောအချက်ဖြစ်သည် - ရော၊၁၂း၄-၅။ ၁ကော၊၁၂း၁၂-၁၃၊ ၁၈-၂၂။ ဧ၊၁း၂၂-၂၃။ ၂း၁၆။ ၃း၆။ ၄း၄၊ ၁၂၊ ၁၅-၁၆။ ၅း၂၃၊ ၃၀။ ကော၊၁း၁၈၊ ၂၄။ ၂း၁၉။ ၃း၁၅။

B. ရောမ ၁၂ တွင် ကိုယ်ခန္ဓာတော်ကို အသက်ဆိုင်ရာပေါင်းစည်းခြင်း ရှုထောင့်မှ ဖော်ပြထားသည်။ အငယ် ၅ တွင် "အများဖြစ်သောငါတို့သည် ခရစ်တော်၌ ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်ကြ၏" ဟုပြောထားသည်။

1. ဤကျမ်းပိုဒ်မှ စကားလုံးနှစ်လုံး - "*ခရစ်တော်၌*" သည် အသက်ဆိုင်ရာပေါင်းစည်းခြင်းကို ရည်ညွှန်းသည်။ "ခရစ်တော်၌" ဟူသည်မှာ အသက်ဆိုင်ရာပေါင်းစည်းခြင်း အကြောင်းအရာဖြစ်သည် - ညွှန်း၊ ယော၊၃း၁၆။ ရော၊၆း၃-၆။ ၁၁း၁၇၊ ၁၉။ ၁၆း၇-၁၀။ ၁ကော၊၁း၃၀။ ၂ကော၊၂း၁၇။ ၅း၁၇။ ၁၂း၂။ ဂလ၊၃း၂၇။
2. ကျွန်ုပ်တို့သည် ခရစ်တော်၌ ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်ပြီး၊ ကိုယ်တော်နှင့် အသက်ဆိုင်ရာ ပေါင်းစည်းခြင်း ရှိကြသည်။ ဤပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်နှင့်လည်းကောင်း၊ ကိုယ်ခန္ဓာတော်၏အခြားအင်္ဂါဝင်များအားလုံးနှင့်လည်းကောင်း တစ်လုံးတစ်ဝဖြစ်စေသည်။ ဤအသက်ဆိုင်ရာပေါင်းစည်းခြင်း၌ ကျွန်ုပ်တို့တည်နေသည့်အခါ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၌ အမှန်ပင် အသက်ရှင်ကြခြင်းဖြစ်သည် - ရော၊၈း၁၆။ ၁ကော၊၆း၁၇။ ၂တိ၊၄း၂၂။ ရော၊၈း၄-၆။
3. ခရစ်တော်ကိုယ်ခန္ဓာတော်၏ အဖြစ်မှန်သည် ကျွန်ုပ်တို့က ခရစ်တော်နှင့်အတူ အသက်ဆိုင်ရာပေါင်းစည်းခြင်း၌ တည်နေခြင်း၌ ရှိနေသည်။ ယောဟန် ၁၅း၁-၁၁ တွင် ခရစ်တော်သည် မှန်သောစပျစ်နွယ်ပင်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အကိုင်းအခက်များဖြစ်ကြောင်း ဖွင့်ပြထားသည်။ ခရစ်တော်၏အကိုင်းအခက်အနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်နေရမည်၊ ယင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် အသက်ဆိုင်ရာပေါင်းစည်းခြင်း၌ တည်နေရမည်ဟု ဆိုလိုခြင်းဖြစ်သည် - အငယ်၊၄-၅။ ညွှန်း၊ ၈း၃၁။ ၁၅း၇။

**II. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဖြစ်သည်။ ကိုယ်ခန္ဓာတော်ကို သိကျွမ်းခြင်းမှာ သခင်ဘုရား၏ မှန်ကန်သင့်လျော်သည့် ပြန်လည်ရယူခြင်းဖြစ်သည် - ၁ကော၊၁၂း၂၇။ ဧ၊၄း၁၆။ ကော၊၃း၁၅။**

A. အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ၎င်း၏ အသက်ဆိုင်ရာ အကြောင်းရင်းခံအဖြစ် ယူဆောင်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်မရှိဘဲ အသင်းတော်သည် အသက်ကင်းမဲ့ကာ၊ လူသားအဖွဲ့အစည်းသက်သက်မျှသာ ဖြစ်သည် - ၁ကော၊၁း၂။ ၁၂း၁၂-၁၃၊ ၂၇။

B. ကိုယ်ခန္ဓာတော်သည် အသင်းတော်၏ ပင်ကိုမူလ ပုံဆောင်ချက်ဖြစ်သည်။ ကိုယ်ခန္ဓာတော်မရှိဘဲ အသင်းတော်သည် ယုတ္တိမရှိ၊ အဓိပ္ပာယ်မရှိပေ - ရော၊၁၂း၄-၅။ ၁၆း၁၊ ၄၊ ၁၆။

C. ချစ်ခြင်းမေတ္တာသည် ဖုံးအုပ်ပေးကာ၊ တည်ဆောက်ပေးသည်၊ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် ခရစ်တော်ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်ရန်နှင့် အရာခပ်သိမ်းလုပ်ဆောင်ရန် အထူးမြတ် အသာလွန်ဆုံးနည်းလမ်း ဖြစ်သည် - ၁ကော၊၈း၁ခ။ ၁၂း၃၁ခ။ ၁၃း၁-၈က၊ ၁၃။

D. အသက်ကြီးသူများသည် ကိုယ်ခန္ဓာတော်အသက်တာ၏ ပုံစံနမူနာဖြစ်ရန် အချင်းချင်းကို ထိန်းကျောင်းရမည်၊ အချင်းချင်းကို ချစ်ရမည်ဖြစ်သည်။ အသက်ကြီးသူများသည် အချင်းချင်းချစ်ရန် လိုအပ်သည်၊ သူတို့၏ဇနီးများသည် အချင်းချင်းချစ်ရန် လိုအပ်သည်၊ သူတို့သည် အချင်းချင်း၏ သားသမီးများကို ချစ်ရန် လိုအပ်သည် - ယော၊၂း၁၅-၁၇။ ၁ကော၊၁၃း၄-၈က။

E. ကျွန်ုပ်တို့တွင် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း ရှိစေလိုလျှင် ခရစ်တော်ကို ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ အိမ်ဆောက်နေထိုင်ခွင့်ပြုရမည်ဖြစ်သည်။ ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် ကိန်းဝပ်နေသော ခရစ်တော်၏ အတွင်းပိုင်းအတွေ့အကြုံဖြစ်သည် ဧ၊၃း၁၆-၁၇က။ ၄း၁၆။ ကော၊၁း၂၇။ ၃း၄၊ ၁၅။

F. သခင်ဘုရားသည် ဒေသန္တရအသင်းတော်များ၌ ခရစ်တော်၏ကိုယ်ခန္ဓာတော် စစ်မှန်ခြင်း ထင်ရှားလာစေရန် အရေးတကြီး လိုအပ်နေသည်။ ကိုယ်ခန္ဓာတော်၏ အနှစ်သာရဆိုင်ရာ ထင်ရှားခြင်းမရှိဘဲ သခင်ယေရှုသည် ပြန်ကြွလာနိုင်မည်မဟုတ်ပါ - ဧ၊၁း၂၂-၂၃။ ၄း၁၆။ ၅း၂၇၊ ၃၀။ ဗျာ၊၁၉း၇။

G. သခင်ဘုရားသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ရရှိရန်နှင့် ကိုယ်တော်၏ရန်သူကို ဖျက်ဆီးရန် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်မည့် အောင်မြင်သောသူများကို လိုအပ်နေသည်။ အောင်မြင်သူများမရှိဘဲ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် တည်ဆောက်ခြင်း မခံရနိုင်ပါ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခံရခြင်းမရှိဘဲ ခရစ်တော်သည် သူ၏သတို့သမီးအတွက် ပြန်ကြွလာနိုင်မည်မဟုတ်ပါ - ဧ၊၁း၁၀။ ၃း၁၀။ ဗျာ၊၁၂း၁၁။ ၁၉း၇-၉။

**III. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ဇိအုန်ကို တည်ဆောက်ရန်ဖြစ်သည် - ယင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံသည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည့် အောင်မြင်သောသူများဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ယနေ့၏ဇိအုန်သို့ ရောက်သည့်တိုင် အားထုတ်ကြိုးပမ်းရမည်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၄း၁၆။ ၁ကော၊၁း၂။ ၁၂း၂၇။ ဗျာ၊၁၄း၁။ ၂၁း၂။**

A. သန့်ရှင်းသော မြို့တော် ယေရုရှလင်မြို့သစ်၏ ထူးကဲတောက်ပရာနှင့် လှပခြင်းအဖြစ် ဇိအုန်သည် အသင်းတော်၏ မြင့်မားသော အထွတ်အထိပ်၊ အလယ်ဗဟို၊ မြှင့်တင်ရာ၊ ခွန်အားပေးရာ၊ ကြွယ်ဝစေရာ၊ လှပခြင်းနှင့် စစ်မှန်ခြင်းဖြစ်သည့် အောင်မြင်သောသူများကို ပုံဆောင်သည် - ဆာ၊၄၈း၂၊ ၁၁-၁၂။ ၅၀း၂။ ၂၀း၂။ ၅၃း၆က။ ၈၇း၂။

B. ယေရုရှလင်မြို့သည် အသင်းတော်၏ ကိုယ်တစ်ခုလုံးကို ပုံဆောင်ပြီး၊ ဇိအုန်သည် အသင်းတော်၏ အောင်မြင်သောသူများကို ပုံဆောင်သည်။ ဓမ္မဟောင်းကျမ်းက ဇိအုန်နှင့် ယေရုရှလင်မြို့အကြား ဆက်နွယ်မှုကို ပြောသည့်အခါတိုင်း ယေရုရှလင်မြို့၏ ဝိသေသလက္ခဏာများ၊ အသက်၊ ကောင်းချီးမင်္ဂလာနှင့် ဖြစ်တည်ခြင်းသည် ဇိအုန်မှလာကြောင်း ပြသထားသည် - ၁ဘုရင်၊၈း၁။ ဆာ၊၅၁း၁၈။ ၁၀၂း၂၁။ ၁၂၈း၅။ ၁၃၅း၂၁။ ဟေရှာ၊၄၁း၂၇။ ယောလ၊၃း၁၇။

C. ယေရုရှလင်မြို့သစ်သည် အောင်မြင်သောသူများ၏ စုစုပေါင်းဖြစ်သည်။ သခင်ဘုရား၏ယုံကြည်သူများမှ ကျန်ကြွင်းသူတစ်စုဖြစ်သည့် ကနဦးအောင်မြင်သောသူများသည် အနှစ်တစ်ထောင်လုံးလုံး ခရစ်တော်၏ သတို့သမီးဖြစ်ကြလိမ့်မည် (ဗျာ၊၁၉း၇-၉။ ၂၀း၄-၆)။ ထိုနောက် သူတို့သည် ကျန်သည့် သခင်ဘုရား၏ယုံကြည်သူများဖြစ်သော နောက်ပိုင်းအောင်မြင်သောသူများနှင့် ပေါင်းစည်းသွားကာ ထာဝရကာလပတ်လုံး ခရစ်တော်၏သတို့သမီးဖြစ်လိမ့်မည် (၂၁း၂-၃၊ ၇)။

1. ယေရုရှလင်မြို့အတွင်းရှိ ဇိအုန်၏စစ်မှန်ခြင်းအဖြစ် ကနဦးအောင်မြင်သောသူများသည် အသင်းတော်အတွင်းရှိ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်ကာ၊ သူတို့၏စိတ်နှလုံး၌ ဇိအုန်သို့သွားရာ လမ်းမကြီးရှိသည်။ သူတို့သည် အတွင်းပိုင်းဆိုင်ရာ၌ အသင်းတော်၏ လမ်းကို ယူဆောင်ကြခြင်းမှာ၊ သူတို့၏ခိုလှုံရာအဖြစ် သူတို့၏အသိုက်ဖြစ်သော ကြေးညိုယဇ်ပလ္လင်အားဖြင့် ပုံဆောင်သည့် အသေခံသော ခရစ်တော်မှတစ်ဆင့်သော်လည်းကောင်း၊ သူတို့၏နားခိုရာအတွက် သူတို့၏အိမ်ဖြစ်သည့် နံ့သာပေါင်းယဇ်ပလ္လင်အားဖြင့် ပုံဆောင်သည့် တက်ကြွခြင်း၌ ရှင်ပြန်ထမြောက်သောခရစ်တော်မှတစ်ဆင့်သော်လည်းကောင်း သူတို့၏ကိန်းဝပ်ရာနေရာဖြစ်သည့် ဘုရားသခင်အထဲသို့ ပူးပေါင်းခြင်းအားဖြင့် ဖြစ်သည် - ဆာ၊၈၄း၂။ ၈၄း၃-၅။ ဋွန်း၊ သု၊၂၇း၈။

2. အောင်မြင်ခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုထက်၊ ကျွန်ုပ်တို့၏စိတ်အသက်ထက် သခင်ဘုရားကို ပို၍ချစ်ခြင်းကိုဆိုလိုသည်။ အောင်မြင်သောသူသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအတွက် ခရစ်တော်ကိုသာ သိပြီး၊ ခရစ်တော်ကိုသာ ချစ်သည် - ဖိ၊၃း၁၀။ ၄း၁၂။ ဗျာ၊၂း၄-၅၊ ၇။ ၁၂း၁၁။

3. သခင်ဘုရားသည် အောင်မြင်သောသူတစ်စုက ကိုယ်တော်ကို ပြန်ကြွလာစေခြင်းနှင့် နိုင်ငံတော်ခေတ်ကို ယူဆောင်လာခြင်းငှာ ခရစ်တော်၏သတို့သမီးဖြစ်လာရန် ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းကို အသက်ရှင်ခြင်းအား စောင့်မျှော်နေသည်။ ဤအတွက် ကျွန်ုပ်တို့သည် ဆုတောင်းရန် လိုအပ်သည် "သခင်၊ ကျွန်ုပ်သည် ကိုယ်တော်၏အောင်မြင်သောသူများမှ တစ်ဦးဖြစ်ရန် ကိုယ်တော်၏ ကရုဏာတော်နှင့် ကျေးဇူးတော်ကို ရရှိပါစေသော။"

IV. **ဘုရားသခင်သည် ကိုယ်ခန္ဓာတော်ကို အတူတကွ ပေါင်းစည်းထားပေးသည် (၁ကော၊၁၂း၂၄)။ *ပေါင်းစည်းခြင်း* ဟူသောစကားလုံးမှာ "ကိုက်ညှိခြင်း"၊ "လိုက်လျောညီထွေဖြစ်ခြင်း"၊ "ညီညွတ်မျှတခြင်း"၊ "ရောနှောပေါင်းစည်းခြင်း" ကို ဆိုလိုပြီး၊ ခြားနားမှုများ မရှိတော့ခြင်းကို ရည်ညွှန်းသည်။**

A. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအတွက် ပေါင်းစည်းခြင်းရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် ကားတိုင်မှတစ်ဆင့် ဝိညာဉ်တော်အားဖြင့် ရှေ့ဆက်သွားကာ၊ ခရစ်တော်ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် အခြားသူများထံ ခရစ်တော်ကို ဝေငှဖြန့်ဖြူးရမည်ဖြစ်သည်။

B. ပေါင်းစည်းခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် အခြားသူများနှင့် မိတ်သဟာယဖွဲ့ရန်အလို့ငှာ အမြဲ ရပ်တန့်ခြင်းရှိသင့်ကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူ ညှိနှိုင်းလုပ်ဆောင်နေသည့် အခြားသန့်ရှင်းသူများနှင့် မိတ်သဟာယဖွဲ့ခြင်းမရှိဘဲ မည်သည့်အရာကိုမျှ မလုပ်သင့်ပါ၊ အကြောင်းမှာ မိတ်သဟာယသည် ကျွန်ုပ်တို့ကို ကိုက်ညှိပေးသည်၊ ကျွန်ုပ်တို့ကို လိုက်လျောညီထွေဖြစ်စေသည်၊ ကျွန်ုပ်တို့ကို ညီညွတ်မျှတစေသည်၊ ကျွန်ုပ်တို့ကို ရောနှောပေါင်းစည်းပေးသည် - ညွှန်း၊ ယေဇ၊၁း၁၂ မှတ်စု ၁။

C. တာဝန်ရှိ ညီအစ်ကိုများတစ်စုသည် ပေါင်းစည်းခြင်းမရှိဘဲ အမြဲအတူတကွ တွေ့ဆုံကြခြင်း ရှိကောင်းရှိနိုင်သည်။ ပေါင်းစည်းခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် ကားတိုင်မှတစ်ဆင့် အခြားသူများအားဖြင့် ထိတွေ့ခံရခြင်းနှင့် ကျွန်ုပ်တို့က အခြားသူများကို ထိတွေ့ခြင်းရှိကြောင်း၊ ဝိညာဉ်တော်အားဖြင့် အရာများကို လုပ်ဆောင်ကြောင်း၊ ကိုယ်ခန္ဓာတော်အကျိုးအလို့ငှာ ခရစ်တော်ကို ဝေငှဖြန့်ဖြူးရန် အရာခပ်သိမ်းကို လုပ်ဆောင်ကြောင်း ဆိုလိုခြင်းဖြစ်သည်။

D. ထိုသို့သော ပေါင်းစည်းခြင်းသည် လူမှုဆိုင်ရာမဟုတ်ဘဲ၊ အင်္ဂါဝင်တစ်ဦးချင်း၊ ဒေသအလိုက်အသင်းတော်များ၊ လုပ်ဖော်ဆောင်ဖက်များနှင့် အသက်ကြီးသူများအသီးသီးက မွေ့လျော်ခဲ့သော၊ တွေ့ကြုံခံစားခဲ့သော၊ ယူဆောင်ခဲ့သော ခရစ်တော်၏ ပေါင်းစည်းခြင်းပင်ဖြစ်သည် - ညွှန်း၊ ၁ကော၊၁း၉။

E. ကျွန်ုပ်တို့သည် သန့်ရှင်းသူများအားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော် တစ်ခုလုံး၏ ပေါင်းစည်းခြင်း အသက်တာအထဲသို့ ခေါ်ဆောင်ရန် တမန်တော်၏ ခြေလှမ်းများနောက်သို့ လိုက်ရန် လိုအပ်သည်။ တမန်တော်က ကျွန်ုပ်တို့ကို ထောက်ခံပြောဆိုခြင်းများနှင့် နှုတ်ဆက်ခြင်းများအားဖြင့် ခရစ်တော်ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ ပေါင်းစည်းခြင်းအသက်တာအထဲသို့ ခေါ်ဆောင်ပေးကာ၊ ယင်းသည် ငြိမ်သက်ခြင်း၏ ဘုရားသခင်သည် စာတန်ကို ကျွန်ုပ်တို့၏ ခြေအောက်တွင် နင်းခြေပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကြွယ်ဝသော ကျေးဇူးတော်ကို မွေ့လျော်ရန်အတွက်ဖြစ်သည် - ရော၊၁၆း၁-၁၆၊ ၂၁-၂၃၊ ၂၀။

1. ပေါင်းစည်းခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်း အထဲသို့ ခေါ်ဆောင်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖြစ်စဉ်နည်းလမ်းဖြစ်သည့် ဒေသန္တရအသင်းတော်များ၌ ရှိကာ၊ ပန်းတိုင်ဖြစ်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ခံရရန် လိုအပ်သည်။

2. သခင်ဘုရား၏ပြန်လည်ရယူခြင်းက ဘုရားသခင်၏ စီမံကိန်းကို အမှန်တကယ်၊ လက်တွေ့ကျကျ၊ အမှန်ပင် သယ်ဆောင်နိုင်သည့် အမြင့်ဆုံး အထွတ်အထိပ်မှာ ဘုရားသခင်သည် ရုပ်ပိုင်းဆိုင်ရာနည်းလမ်း၌ များစွာသော ဒေသန္တရအသင်းတော်များကို ထုတ်လုပ်ရန်မဟုတ်ဘဲ၊ ကိုယ်တော်၏အသက်ဆိုင်ရာ ထုံးဖွဲ့မှုဖြစ်ရန် အသက်ဆိုင်ရာကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ဖို့ဖြစ်သည်။

3. အသင်းတော်သည် မုန့်တစ်လုံးဖြစ်သည်ဟူသော ပေါလု၏စဉ်းစားချက်မှာ (၁ကော၊၁၀း၁၇) သူ၏ကိုယ်ပိုင် တီထွင်မှုမဟုတ်ပါ။ ထိုအစား ၎င်းကို ဓမ္မဟောင်းကျမ်းရှိ ဘောဇဉ်ပူဇော်သက္ကာမှ ယူဆောင်ခြင်းဖြစ်သည် (ဝတ်၊၂း၄)။ ဘောဇဉ်ပူဇော်သက္ကာ၏ မုန့်ညက်အပိုင်းတိုင်းသည် ဆီဖြင့် ရောနှောပေါင်းစည်းထားသည် - ထိုအရာသည် ပေါင်းစည်းခြင်းဖြစ်သည်။

4. ပေါင်းစည်းခြင်းအကြောင်းကို ပြောဆိုသောသူ နည်းပါးလှသည်၊ အကြောင်းမှာ ဤအရာသည် အလွန်မြင့်မားကာ နက်ရှိုင်း ရှုံသာမက၊ အလွန်နက်နဲသောကြောင့်ဖြစ်သည်။ ၎င်းသည် ရုပ်ပိုင်းဆိုင်ရာ အကြောင်းအရာမဟုတ်ပါ။ ကျွန်ုပ်တို့၏ ပေါင်း စည်းခြင်း၏ အဓိပ္ပာယ်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည်။
5. ပေါင်းစည်းခြင်းသည် စကြဝဠာဆိုင်ရာ ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက်ဖြစ်ကာ (ဧ၁း၂၃) ယေရု ရှလင်မြို့သစ် (ဗျာ၂၁း၁) တည်းဟူသော ကိုယ်တော်၏ ကောင်းသော ကျေနပ်အားရရာအတိုင်း ဘုရားသခင်၏ စီမံကိန်း နောက်ဆုံးပန်းတိုင် (ဧ၃း၈-၂၀။ ၁း၉-၁၀) ကို ပြီးမြောက်ပြည့်စုံစေရန်ဖြစ်သည်။

**V. ဘုရားသခင်၏စိတ်နှလုံးတော် အလိုဆန္ဒမှာ ယေရှု၌ရှိသော စစ်မှန်ခြင်းဖြစ်သည့် ဧဝံဂေလိစာစောင်လေးစောင်၌ မှတ်တမ်းတင်ထား သည့် ယေရှု၏ ဘုရား-လူအသက်ရှင်ခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ များစွာသော အင်္ဂါဝင်များ၌ စစ်မှန်ခြင်း၏ဝိညာဉ်တော် အားဖြင့် ပုံတူပွားများလာကာ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်လာရန်ဖြစ်သည်၊ ယင်းမှာ ဘုရားသခင်၏စီမံကိန်းရှိ အမြင့်ဆုံးအထွတ်အထိပ်ဖြစ်သည် - ဧ၄း၂၀-၂၄၊ ၃-၄။**

A. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် စစ်မှန်ခြင်း၏ ဝိညာဉ်တော်တည်းဟူသော ယေရှု၏ဝိညာဉ်တော်ဖြစ်ကာ ကျွန်ုပ်တို့ ၏ဝိညာဉ်နှင့် ရောနှောပေါင်းစည်းနေသည်။ ယေရှု၏ဝိညာဉ်တော်၌ ယေရှု၌ရှိသော စစ်မှန်ခြင်း၊ ယေရှု၏ ဘုရား-လူအသက်ရှင် ခြင်း ပါဝင်သည် - ယော၁၆း၁၃။ တ၁၆း၇။ ရော၈း၁၆။ ၁ကော၆း၁၇။ ဖိ၁း၁၉-၂၁က။
B. ကျွန်ုပ်တို့သည် ပေါင်းစည်းထားသော ဝိညာဉ်၌ အသက်ရှင်သောအခါ ဧဝံဂေလိလေးကျမ်းရှိ ကိုယ်တော်၏ပုံစံနမူနာအတိုင်း စစ် မှန်ခြင်း၏ဝိညာဉ်တော်အားဖြင့် ယေရှု၌ရှိသော စစ်မှန်ခြင်းအတိုင်း ခရစ်တော်ကို သင်ယူကြသည်၊ ထိုသို့ဖြင့် ကိုယ်တော်၏ အတ္ထုပ္ပတ္တိသည် ကျွန်ုပ်တို့၏သမိုင်းကြောင်းဖြစ်လာသည်။ လူသစ်ဖြစ်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အသက်ရှင်ခြင်းသည် ဧဝံဂေလိလေးကျမ်း၌ ဖွင့်ပြထားသည့် ယေရှု၏အသက်ရှင်ခြင်းနှင့် အတိအကျ တူညီရမည်ဖြစ်သည် - ဧ၁း၁၇။ ၂း၂၂။ ၃း၅၊ ၁၆။ ၄း၂၃။ ၅း၁၈။ ၆း၁၈။ ဂလ၆း၁၇-၁၈။ ရော၁း၁၊ ၉။ ဖိ၂း၅။
C. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် စုံလင်ခံရသောဘုရား-လူများအားဖြင့် စုပေါင်းအသက်ရှင်ခြင်းဖြစ်ပြီး၊ သူတို့သည် လူသားစင်စစ်ဖြစ်သော်လည်း မိမိတို့၏အသက်အားဖြင့် အသက်မရှင်ဘဲ၊ အဆင့်ဆင့်ဖြတ်ကျော်သော ဘုရားသခင်၏အသက် အားဖြင့် အသက်ရှင်ကာ၊ ကိုယ်တော်၏ ဂုဏ်အင်လက္ခဏာများသည် သူတို့၏ကောင်းမြတ်ခြင်းများမှတစ်ဆင့် ထင်ရှားလျက်ရှိ နေသည် - ၄း၅-၉။
D. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် အသစ်မွေးဖွားခံရသော၊ ပုံသဏ္ဍာန်ပြောင်းလဲသော၊ ဘုန်းထင်ရှားသော သုံးပိုင်းရှိ သည့် ဘုရား-လူများနှင့် သုံးပါးတစ်ပါးဘုရားက ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ထာဝရပေါင်းစည်းခြင်းဖြင့် ရောနှော ပေါင်းစည်းသော အသက်ရှင်ခြင်းဖြစ်သည် - ဝတ်၂း၄-၅။ ဆာ၈၂း၁၀။ ၁ကော၁၂း၁၂။ ၁၀း၁၇။
   1. ကျွန်ုပ်တို့က *ရောနှောပေါင်းစည်းနေခြင်း* ဟူသော စကားလုံးကို အသုံးပြုရခြင်းမှာ ဤအသက်ရှင်ခြင်းသည် ဆက်လက်ဖြစ် ပွားနေသောကြောင့်ဖြစ်သည်။
   2. ထိုသို့ရောနှောပေါင်းစည်းသည့် အသက်ရှင်ခြင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ရှိကာ၊ ဤရှင်ပြန်ထမြောက်ခြင်း ၏ စစ်မှန်ခြင်းသည် ဝိညာဉ်တော်ဖြစ်သည်။ ဤရှင်ပြန်ထမြောက်ခြင်းသည် ပြီးမြောက်ပြည့်စုံသောဘုရားသခင်ကို ဝေငှဖြန့် ဖြူးကာ၊ သေခြင်းကို အောင်မြင်သောအသက်ကို ယုံကြည်သူများအထဲသို့ လွတ်မြောက်စေသည်။

E. စုံလင်ခံရသော ဘုရား-လူများ၏ ဤစုပေါင်းထားသော၊ ရောနှောပေါင်းစည်းသော အသက်ရှင်ခြင်းသည် ထာဝရကာလပတ်လုံး ဘုရားသခင်၏တိုးပွားခြင်းနှင့် ထင်ရှားခြင်းအဖြစ် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ယေရုရှလင်မြို့သစ်၌ အဆုံးစွန် ပြီး မြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ဗျာ၂၁း၂-၃၊ ၉ခ-၁၁၊ ၂၂။

*© 2021 Living Stream Ministry*